**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## နိုင်ငံတော် အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေညာသည့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ထောက်ခံ ကြိုဆိုကြောင်း ထုတ်ပြန်ချက်

၁။ ၂၀၁၆ ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးကြေညာချက် အမှတ် ၁/၂၀၁၆ တွင် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများ နိုင်ငံရေးနှင့် ဆက်နွယ်ပြီးအမှု ရင်ဆိုင်နေရသည့် ကျောင်းသား၊ ကျောင်းသူများအား လွတ်ငြိမ်းချမ်းသာခွင့်အတွက် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်းထုတ်ပြန်ကြေညာ သည်ကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ လိုက်လှဲစွာ ကြိုဆိုထောက်ခံ သည်။

၂။ တိုင်းရင်းသား ပြည်သူတရပ်လုံးကတခဲနက် ရွေးကောက် တင်မြောက်သောအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ သမ္မတကြီးဦးထင်ကျော် ဦးဆောင်သည့်အစိုးရသည် "ဒီမိုကရေစီ" အသွင်ကူးပြောင်းရေးသို့ စတင်တက်လှမ်းနေပြီ ဖြစ်ကြောင်းကို ပြသနေခြင်းပင်ဖြစ် သည်။

၃။ သမ္မတကြီးဦးထင်ကျော် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရသည် ပြည်တွင်း ငြိမ်းချမ်း ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အဓိပ္ပါယ်ပြည့်ဝသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေး မှု ဖြစ်ပေါ်လာရေးအတွက် လက်တွေ့ကျကျ တဆင့်ပြီးတဆင့် အကောင်အထည် ဖေါ်ဆောင်သွားကာစစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာ မည်ကို ယုံကြည်မျှော်လင့်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ် ဧပြီလ ၈ ရက်